စစ်ကိုင်းဖိုရမ်
https://www.facebook.com/sagaingforum
sagaingalliances.office@gmail.com

## စစ်ကိုင်းဖိုရမ် (ပထမအကြိမ်) ထုတ်ပြန်ကြေညာချက်

### စာအမှတ် (၀၁/၂၀၂၃)

ရက်စွဲ - ဇွန်လ၊ (၁) ရက်၊ ၂၀၂၃ ခုနှစ်

**ပထမအကြိမ်စစ်ကိုင်းဖိုရမ်ကို (၃၀.၅.၂၀၂၃) နေ့မှ (၃၁.၅.၂၀၂၃) နေ့ထိ နှစ်ရက်တိုင်တိုင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး တိုင်းတွင်း ( ၂၈ )မြို့နယ်တွင်အခြေစိုက်သည့် တော်လှန် အဖွဲ့အစည်းပေါင်း ( ၁၇၃ )ဖွဲ့နှင့် လေ့လာတက်ရောက်သူ (၃၁) ဦးတို့ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ မိတ်ဖက်အဖွဲ့အစည်း( ၂၇ )ဖွဲ့မှ သဝဏ်လွှာများကို ရရှိမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ဖိုရမ်တွင် နိုင်ငံရေးကဏ္ဍ၊ စစ်ရေးကဏ္ဍ၊ ဒေသန္တရအုပ်ချုပ်ရေးကဏ္ဍ၊ အထွေထွေကဏ္ဍ ဟူ၍ ကဏ္ဍကြီးလေးရပ်ကို ဆွေးနွေးအဖြေရှာ ခဲ့ကြသည်။ တိုင်း၏ အနာဂတ်ရေးရာများနှင့်ပက်သက်၍ နိုင်ငံရေးကဏ္ဍ၊ စစ်ရေးကဏ္ဍ၊ ဒေသန္တရအုပ်ချုပ်ရေးကဏ္ဍ၊ အထွေထွေကဏ္ဍ_ သပိတ်၊ CDM၊ သယံဇာတ၊ စစ်ရှောင်ကူကယ်ရေး စသော ကဏ္ဍကြီးများကိုစုပေါင်းဆွေးနွေးခဲ့ကြပါသည်။ ထိုမှတဆင့် အောက်ပါ သဘောထားစုစည်းချက်များ ရရှိခဲ့ပါသည်။**

**(၁)** စစ်ကိုင်းတိုင်းတွင် စစ်အာဏာရှင်ဆန့်ကျင်ရေး တော်လှန်ရေးတွင်ပါဝင်နေကြသည့် နိုင်ငံရေး၊ တော်လှန်ရေး အဖွဲ့အစည်းများကြား အားလုံးပေါင်းစပ်ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ချက်ချနိုင်သည့် တိုင်းအတိုင်ပင်ခံကောင်စီ (သို့မဟုတ်) အစုအဖွဲ့တစ်ခုကိုတည်ဆောက်ပြီး စစ်အာဏာရှင်စနစ် အပါအဝင်အာဏာရှင်စနစ်အားလုံးအပြီးတိုင်ချုပ်ငြိမ်းရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေးနှင့်ဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ထွန်းရေးတို့ကိုဖော်ဆောင်ရန်ရည်မှန်းသည်။

(၂) တိုင်းအဆင့် အရေးတကြီးလိုအပ်နေသည့် နိုင်ငံရေးဆိုင်ရာရှေ့လုပ်ငန်းစဉ်များအဖြစ်

(က)တိုင်းအဆင့် အသွင်ကူးပြောင်းရေးကာလအစီအမံများပေါ်ပေါက်ရေး

(ခ)တိုင်းအဆင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မူဝါဒများရေးဆွဲရေး

(ဂ) တိုင်းအတွင်းအုပ်ချုပ်ရေးနှင့်စစ်ရေးအဖွဲ့များကြားအပြန်အလှန်ထိန်းကျောင်းနိုင်ရေး၊

(ဃ) ဒေသတွင်း ကာကွယ်ရေးအဖွဲ့များ စုစည်းအားကောင်းနိုင်ရေးတို့ကို

**ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် နှင့်အညီ** လုပ်ဆောင်သွားကြရန်သဘောထားပေး ဆွေးနွေးခဲ့ကြပါသည်။

**အသေးစိတ်အချက်အလက်များကို တက်ရောက်ကြသည့် ဒေသအသီးသီးမှ ခေါင်းဆောင်များ အစုဖွဲ့များကိုသာ ပေးပို့သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။**

**ပထမအကြိမ်စစ်ကိုင်းဖိုရမ်**